တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၃၁ ။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၂၀ ပြည့်နှစ်၊ တရားမအထူးခံမှုအမှတ် ၈

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၈ ခုနှစ် တရားမဒုတိယအယူခံမှု အမှတ် ၄၇ တွင် ချမှတ်သည့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၆ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအပေါ် အယူခံမှု

| | | |
|---|---|---|
| ၁။ ဦးခင်မောင်တင့် | နှင့် | ၁။ မသီရိရွှေစင် |
| ၂။ ဒေါ်စန်းစန်းနွယ် (ခ) ဒေါ်မော်စု | | ၂။ ကိုနေလင်းရီ |
| | | ၃။ မထိုက်ရွှေစင် |
| | | ၄။ မနှင်းရွှေစင် |
| | | ၅။ မမြတ်မိုးရွှေစင် |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်များ** |

အယူခံတရားလိုများအတွက် - ဦးခင်မောင်ဌေး၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - ဒေါ်ခင်ဌေးဝင်း၊ တရားလွှတ်တော်ရှေ့နေ

## စီ ရင် ချက်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်

အမရပူရမြို့နယ်တရားရုံး ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၈၉ တွင် ဦးခင်မောင်တင့် ပါ ၂ ဦးက မသီရိရွှေစင် ပါ ၅ ဦးအပေါ် တရားလိုများပိုင် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ဆင်တူယိုးမှား ပြုလုပ်သည့် တရားပြိုင်များ၏ ကုန်အမှတ်တံဆိပ်အား ဖျက်ဆီးစေပြီး ထိုကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ထာဝရတားဝရမ်းရလိုမှု နှင့် နစ်နာကြေးငွေကျပ် သိန်း ၁၀၀ ရလိုမှု စွဲဆိုရာ တရားပြိုင်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ နေသည့် ရွှေလွန်းအိမ် ကုန်အမှတ်တံဆိပ်အား ဖျက်ဆီးပြီး ထိုကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူး

ရောင်းချခြင်း မပြုလုပ်ရန် ထာဝရတားဝရမ်းထုတ်ပေးစေရန်နှင့် နစ်နာကြေးငွေ သိန်း ၃၀ အား တရားပြိုင်များက တရားလိုများသို့ ပေးစေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်ခဲ့သည်။ အဆိုပါ စီရင်ချက်နှင့် ဒီကရီကို တရားပြိုင်များက မန္တလေးခရိုင်တရားရုံးသို့ ၂၀၁၇ ခုနှစ် တရားမ ပထမအယူခံမှုအမှတ် ၁၀၆ ဖြင့် အယူခံမှုတင်သွင်းရာ ပလပ်ခံရသဖြင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် ၂၀၁၈ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ် ၄၇ ဖြင့် အယူခံတင်သွင်းရာ အမရပူရမြို့နယ်တရားရုံးနှင့် မန္တလေးခရိုင်တရားရုံးတို့၏ ဒီကရီကို ပယ်ဖျက်ပြီး တရားလို စွဲဆိုသည့် အမှုကို ပလပ်ခဲ့သည်။ အဆိုပါ စီရင်ချက်နှင့် ဒီကရီအပေါ် တရားလိုများက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအယူခံမှုကို တင်သွင်းလာခြင်း ဖြစ်သည်။

အဆိုလွှာတွင် တရားလိုတို့က ရွှေလွန်းအိမ်ပိုးထည်တိုက် ကုန်အမှတ်တံဆိပ် အမှတ်အသားဖြင့် ၁၉၈၇ ခုနှစ် ကတည်းက စစ်ကိုင်းမြို့တွင် ပိုးထည်အမျိုးမျိုးနှင့် ပိုးစစ်လွန်းရာကျော် ချိတ်အမျိုးမျိုးတို့ကို မိမိယက္ကန်းလုပ်ငန်းမှ ကိုယ်တိုင်ထုတ်လုပ် ဖြန့်ချီပြီး စစ်ကိုင်းမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၄၂/၂၀၁၁ မစန်းစန်းနွယ် အမည်ဖြင့် လည်းကောင်း၊ မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၁၆၄၈/၂၀၁၁ ဦးခင်မောင်တင့် အမည်ဖြင့်လည်းကောင်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ခဲ့ကြောင်း၊ ၂၀၀၇၊ ၂၀၀၈ ခုနှစ်တွင် လူအများမြင်သာသိသာသည့်နေရာတွင် ကြော်ငြာဆိုင်းဘုတ်စိုက်ထူ၍ အများသိစေရန် ကြေညာခဲ့ကြောင်း၊ မိမိတို့၏ ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှားပြုလုပ်ထားသည့် ရွှေလွန်းအိမ် ပိုးထည်တိုက် (အမရပူရ) ကုန်အမှတ်တံဆိပ် အမည်ဖြင့် စာသားပုံစံတုပပြီး ၂၀၁၂ ခုနှစ် စစ်ကိုင်းမြို့အပါအဝင် အခြားမြို့များသို့ ဖြန့်ဖြူးရောင်းချနေကြောင်း သိရ၍ ၁၅-၉-၂၀၁၄ ရက်စွဲပါ နို့တစ်စာဖြင့် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တိုက်ရိုက်တုပပြီး ရောင်းချခြင်း မပြုရန်၊ ထုတ်လုပ်ပြီး ပစ္စည်းများကို ဖျက်ဆီးကာ ဆက်လက်မလုပ်ကိုင်ရန် တရားပြိုင်များကို အကြောင်းကြား သော်လည်း ဆက်လက်ဖောက်ဖျက်လျက် ရှိခြင်းကြောင့် တရားလိုထံတွင် လျော်ကြေးနှင့် ပေးချေမရလောက်အောင် နစ်နာဆုံးရှုံးသဖြင့် တရားစွဲရန် အကြောင်းပေါ်ပေါက်ပြီး နစ်နာကြေး ငွေကျပ်သိန်း ၁၀၀ ရလိုကြောင်း ပါရှိသည်။

ချေလွှာတွင် တရားပြိုင်တို့သည် ၁၉၈၅ ခုနှစ်မှစ၍ ရွှေလွန်းအိမ်ကုန်အမှတ်တံဆိပ် ဖြင့် ယက္ကန်းလုပ်ငန်း၊ ပိုးထည်လုပ်ငန်း၊ အမျိုးသမီးဝတ်၊ အမျိုးသားဝတ်တို့ကို မထိုက်ရွှေစင်မှ တာဝန်ယူလုပ်ကိုင်ပြီး လူကြိုက်များ ထင်ရှားလာသောကြောင့် မန္တလေးစာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၃-၉-၂၀၁၀ ရက်စွဲဖြင့် မှတ်ပုံတင်စာချုပ်အမှတ် ၅၅၁/၂၀၁၀၊ အင်္ဂလိပ်စာတမ်း အမှတ်အသားတံဆိပ်အား မှတ်ပုံတင်စာချုပ်အမှတ် ၂၄၅၃/၂၀၁၂ ဖြင့် မှတ်ပုံတင်ပြီး ဖြန့်ဖြူး ရောင်းချလျက် ရှိကြောင်း၊ တရားပြိုင်တို့၏ ကုန်အမှတ်တံဆိပ်ကို ၂၀၁၀-၂၀၁၂ တို့တွင် မှတ်ပုံတင်ပြီး တရားလိုများမှ ၂၀၁၁ ခုနှစ်တွင် မှတ်ပုံတင်သောကြောင့် တရားလိုများ တောင်းဆိုချက်ကို မရထိုက်ကြောင်း ထုချေသည်။

အမရပူရမြို့နယ်တရားရုံးက ရွှေလွန်းအိမ် အမည်ဖြင့် ရောင်းချခြင်းဖြစ်၍ သာမန်အများပြည်သူများ မှားယွင်းဝယ်နိုင်ကြောင်း၊ တရားလိုတို့သည်ရွှေလွန်းအိမ်အမည်ဖြင့် ၁၂-၁-၁၉၉၇ ရက်နေ့တွင် လုပ်ကိုင်နေပြီဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်၍ တရားလိုတို့သည် ယင်းကုန်အမှတ်တံဆိပ်ပိုင်ဆိုင်မှု အခွင့်အရေး ရရှိပြီးဖြစ်ကြောင်း၊ တရားပြိုင်များထံမှ ထာဝရတားဝရမ်းထုတ်ဆင့်ရန်နှင့် နစ်နာကြေးငွေကျပ်သိန်း ၃၀ ရထိုက်ခွင့်ရှိကြောင်း သုံးသပ်၍ တရားလိုများအပေါ် အနိုင်ဒီကရီချမှတ်ခဲ့သည်။

မန္တလေးခရိုင်တရားရုံးက တရားလို စွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း၊ ကုန်အမှတ်တံဆိပ် ၂ ခုအား နှိုင်းယှဉ်ပါက ထပ်တူထပ်မျှတူညီခြင်းမရှိဘဲ ကွဲပြားသည့် အချက်များ ရှိသော်လည်း ရွှေလွန်းအိမ်ဆိုသော အမည်ကိုသာ အဓိကထား၍ နှစ်ဖက်လုံး မှတ်ပုံတင်ပြီး အမျိုးအမည်တူသော ပစ္စည်းကို ထုတ်လုပ်ရောင်းချခြင်းဖြစ်ရာ သာမန်ပြည်သူ အမြင်မှားနိုင်ကြောင်း၊ တရားလိုတို့သည် ၁၉၉၇ ခုနှစ် ကတည်းက ထုတ်လုပ်ရောင်းချခြင်း ဖြစ်သောကြောင့် တရားလိုတို့သာ ကုန်အမှတ်တံဆိပ် အခွင့်အရေးရရှိကြောင်း သုံးသပ်ပြီး မြို့နယ်တရားရုံးအမိန့် အတည်ပြု၍ အယူခံမှုကို ပလပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က တရားလိုများ တောင်းဆိုသည့် သက်သာခွင့်နှစ်ရပ်အနက် နစ်နာကြေးတောင်းဆိုသော သက်သာခွင့်သည် ကာလစည်းကမ်းသတ် ဥပဒေပထမဇယားအမှတ်စဉ် ၄၀ နှင့် သက်ဆိုင်၍ နစ်နာကြေးတောင်းဆိုသော သက်သာခွင့်သည် ကာလစည်းကမ်းသတ်ကျော်လွန်ပြီဖြစ်ကြောင်း၊ ထာဝရတားဝရမ်းသည် ကာလစည်းကမ်းသတ် ဥပဒေပထမဇယားအမှတ်စဉ် ၁၂၀ နှင့် သက်ဆိုင်သဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း၊သက်သေများမှာ တရားလိုဘက် တရားပြိုင်ဘက် သာသာထိုးထိုး ထွက်ဆိုနေကြ၍ ကုန်အမှတ်တံဆိပ်ကို အပြိုင်သဘောအသုံးပြုကြပြီးနောက်ပိုင်းမှ မှတ်ပုံတင်သွင်းကာ အပြိုင်ရောင်းချ၍ မည်သူက စတင်သုံးစွဲသည်ဟု ကောက်ယူနိုင်မှုမရှိကြောင်း၊ သက်သေခံချက် အပြိုင်ရှိနေ၍ တားဝရမ်းထုတ် မပေးခြင်းက တရားမျှမှု ရှိစေမည်ဖြစ်ကြောင်း သုံးသပ်ပြီး အယူခံမှုကိုခွင့်ပြု၍ တရားလိုများ စွဲဆိုသော အမှုကို ပလပ်ခဲ့သည်။

အယူခံတရားလိုများ၏ရှေ့နေမှ အယူခံတရားလိုတို့သည် အယူခံတရားပြိုင်များထက်စော၍ ၁၉၈၅ ခုနှစ်ကစပြီး ပိုးစစ်လွန်းရာကျော်ချိတ်များကို စတင်လုပ်ကိုင်ခဲ့ကြောင်း၊ ရွှေလွန်းအိမ်ပိုးထည် ကုန်အမှတ်တံဆိပ်ဖြင့် ၁၉၈၇ ခုနှစ်က စတင်အသုံးပြုဖြန့်ဝေပြီး အစိုးရဌာနများနှင့် ဆက်သွယ်ကြောင်း၊ သက်သေခံ (က) (ခ) စာတမ်းများအရ ပေါ်ပေါက်ပြီး သက်သေခံ (က) တင်ပြစာမှာ အလုပ်သမား ဦးစီးဌာန ဦးစီးအရာရှိမှ ထုတ်ဆင့်သောစာဖြစ်၍ သက်သေခံဥပဒေပုဒ်မ ၇၄၊ ၇၈ တို့အရ သက်သေခံဝင်ကြောင်း၊ အယူခံတရားလိုမှ မြန်မာ့ပိုးချည်လုပ်ငန်း၊ ပိုးချည်မျှင်စက်ရုံ ပြင်ဦးလွင်မှ တင်ဒါရခဲ့ကြောင်းကို သက်သေခံ (ဃ) (ဃ-၂) တို့ကိုတင်ပြထားကြောင်း၊ အယူခံတရားပြိုင်များမှ ဖခင်ဦးအေးကြွယ်အမည်ဖြင့် ရွှေလွန်းအိမ်ပိုးထည် ကုန်အမှတ်တံဆိပ်ကို အသုံးပြုခဲ့ကြောင်း ထင်ရှားသည့် သက်သေခံချက် မရှိကြောင်း၊ အယူခံ

တရားပြိုင်တို့သည် အယူခံတရားလိုတို့၏ ရွှေလွန်းအိမ်ကုန်အမှတ်တံဆိပ်ကို တုပခဲ့ကြောင်း၊ အယူခံတရားလိုတို့၏ (Logo) အမှတ်အသား ယက္ကန်းလွန်းအိမ်ပုံကို ရွှေလွန်းအိမ်အမည် ဘယ်ဘက်ဘေးထားရှိသလို အယူခံတရားပြိုင်များမှ ၎င်းတို့၏ (Logo) အမှတ်အသား (SLA) စာလိမ်ကို ရွှေလွန်းအိမ်အမည်ဘေးထားရှိကြောင်း၊ ၎င်းတို့၏ ကုန်ထုတ်ဂျပ်ဘူး၊ ကုန်ထုပ်အိတ်များတွင် တွေ့ရကြောင်း၊ သို့ပါ၍ တရားလိုပြသက်သေထွက်ချက်အရ အယူခံတရားပြိုင်များ ကုန်အမှတ်တံဆိပ်တုပကြောင်း ပေါ်ပေါက်သဖြင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ပြီး တားဝရမ်းပညတ်အမိန့်ကို အတည်ပြုပေးရန် လျှောက်ထားသည်။

အယူခံတရားပြိုင်များ၏ ရှေ့နေက ရွှေလွန်းအိမ် ကုန်အမှတ်တံဆိပ်ကို မူလရုံးတရားလိုများ၊ တရားပြိုင်များ အပြိုင်သုံးစွဲခဲ့ကြကြောင်း၊ တရားလိုက တရားပြိုင်များအပေါ် ဆင်တူယိုးမှားတုပသည်ဟု စွပ်စွဲသည့် အတွက်သက်သေပြရန် တရားလိုအပေါ် ကျရောက်ကြောင်း၊ အမှတ် (၂) တရားလို ဒေါ်မေဘ်စု ထွက်ချက်တွင် အမရပူရ ရွှေလွန်းအိမ်မှာ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်ကပင် ၎င်းတို့ ရွှေလွန်းအိမ်ထက်စော၍ လုပ်ငန်းလုပ်ကိုင်ကြသည်ကို သိကြောင်း ထွက်ဆို၍ သက်သေခံဥပဒေပုဒ်မ ၁၇ အရ ဝန်ခံရာ ရောက်ကြောင်း၊ တရားပြိုင်တို့၏ အမရပူရ ရွှေလွန်းအိမ်မှ ရောင်းဝယ်ဖောက်ကားသည်ကို ၁၉၉၈ ခုနှစ် ကတည်းက မြင်တွေ့သည်ဆို၍ တရားစွဲဆိုပိုင်ခွင့် ရှိသည့်အခါကစ၍ ၁၆ နှစ်ကြာမှ စွဲဆိုသဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်း၊ တရားလိုဘက်မှတင်ပြသော သက်သေခံ (က) တင်ပြစာသည် သက်သေခံ မဝင်ကြောင်း၊ တရားပြိုင်တို့သည် ရွှေလွန်းအိမ် ကုန်အမှတ်တံဆိပ်ကို စာချုပ် စာတမ်းရုံး၌ မှတ်ပုံတင်ကြေညာရာတွင် တရားလိုတို့ထက်စောခြင်း၊ တရားလို တရားပြိုင်တို့၏ ကုန်အမှတ်တံဆိပ်သည် ကွဲပြားခြားနားပြီး ဆင်တူယိုးမှား မရှိခြင်းတို့ကြောင့် အယူခံမှု ပလပ်ပေးရန် လျှောက်ထားသည်။

ယခုအမှုတွင် တရားလိုများ၏ ရွှေလွန်းအိမ်ပိုးထည် ကုန်အမှတ်တံဆိပ်အမည်ကို တရားပြိုင်တို့က တုပပြီး ပြုလုပ်ခဲ့ခြင်း ရှိ မရှိ စိစစ်ရန် ဖြစ်သည်။

တရားလိုများနှင့် တရားပြိုင်များ အချင်းဖြစ်ပွားစဉ်က ၂၀၁၄ ခုနှစ် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းရခြင်း မရှိသေးပေ။ ကုန်အမှတ်တံဆိပ် တုပခြင်းနှင့်ပတ်သက်၍ **ဦးကျော်နှင့် ဦးဘအေး အမှု** [၁] တွင် ကုန်အမှတ်တံဆိပ်ကို ရှေးဦး အချိန်စော၍ အသုံးပြုသူက ပိုင်ဆိုင်ခွင့်၊ သို့မဟုတ် အသုံးပြုခွင့် အခွင့်အရေးကို ရရှိပိုင်ဆိုင်မည်ဖြစ်ကြောင်း လမ်းညွှန်ထုံးဖွဲ့ထားသည်။ သို့ပါ၍ ကုန်အမှတ်တံဆိပ် တုပခြင်းတွင် တရားလိုသည် ကုန်အမှတ်တံဆိပ်ကို အချိန်စော၍ သုံးပြုမှု ရှိရမည်။ ထိုသို့ အချိန်စော၍ အသုံးပြု ခဲ့သည့် ကုန်အမှတ်တံဆိပ်ကို တရားပြိုင်က တုပခြင်း ရှိရမည် ဖြစ်သည်။

---

၁။ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်)၊ စာ-၁၈၇

ယခုအမှုတွင် ရွှေလွန်းအိမ်ပိုးထည်လုပ်ငန်း အမှတ်တံဆိပ်ကို တရားလိုက ၁၉၇၈ ခုနှစ် ကတည်းက သုံးစွဲခဲ့သည်ဟု အဆိုရှိပြီး တရားပြိုင်များက ၁၉၈၅ ခုနှစ်တွင် စတင်အသုံးပြု သည်ဟု ထုချေခဲ့သည်။ တရားလိုများနှင့်တ ရားပြိုင်တို့သည် ရွှေလွန်းအိမ် ကုန်အမှတ်တံဆိပ် ဖြင့် ပိုးထည်၊ ချည်ထည်လုပ်ငန်းများ လုပ်ကိုင်ကြပြီး မြန်မာပြည်အနှံ့ ဖြန့်ချိရာမှ လူကြိုက်များ လာသဖြင့် တရားလိုသည် ရွှေလွန်းအိမ်ပိုးထည်တိုက် ကုန်အမှတ်တံဆိပ်ကို စစ်ကိုင်းမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် ၄၂/၂၀၁၁ (သက်သေခံ-ဂ)၊ မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် ၁၆၄၈/၂၀၁၁ (သက်သေခံ-ဃ) ဖြင့် မှတ်ပုံတင် ခဲ့သည်။ တရားပြိုင်ဘက်မှလည်း မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် ၅၅၂/၂၀၁၀ (သက်သေခံ-၂) ဖြင့် လည်းကောင်း၊ အင်္ဂလိပ်အက္ခရာ စာတမ်းအမှတ်အသား တံဆိပ်အား မန္တလေးစာချုပ်စာတမ်းမှတ်ပုံတင်ရုံး မှတ်ပုံတင်အမှတ် ၂၄၅၃/၂၀၁၂ (သက်သေခံ-၁) ဖြင့် လည်းကောင်း အသီးသီးမှတ်ပုံတင်ခဲ့သည်။

ကုန်အမှတ်တံဆိပ်ဟူသည် ဈေးကွက်တွင် ရောင်းချသော ကုန်စည်များကို အခြား အလားတူ ကုန်စည်များနှင့် ခွဲခြားနိုင်ရန်သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်သော ပိုင်ရှင် နှင့် ဆက်စပ်မိစေရန်သော်လည်းကောင်း၊ ထိုရောင်းဝယ်သော ကုန်စည်များအတွက် အသုံးပြု သည့် သို့မဟုတ် ကုန်စည်များပေါ်တွင် ကပ်ထားသည့် သင်္ကေတ၊ အထိမ်းအမှတ်ဖြစ်သည့် ကုန်အမှတ်တံဆိပ်က ပုံအမှတ် (device)၊ အမှတ်တံဆိပ် (brand)၊ ခေါင်းစီး (heading) အစရှိသည်များ၊ ၎င်းတို့အား စုပေါင်းထားချက်များပါဝင်သည်။ **ဦးတင်လတ် (ခ) ဦးစိုင်းလတ် ပါ ၂ နှင့် ဦးကျော်ငြိမ်း ပါ ၂ အမှု** [၂] တွင် ကြည့်ပါ။

ယခုအမှုတွင်ရှိ တရားလိုများနှင့် တရားပြိုင်များတို့၏ ကုန်အမှတ်တံဆိပ်များ နှိုင်းယှဉ် ကြည့်ပါက တရားပြိုင်များ၏ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်သည့် နေ့ရက်သည် တရားလိုများ၏ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်သည့်နေ့ထက် စောသည်ကို တွေ့ရှိသည်။ ထို့ပြင် ကုန်အမှတ် တံဆိပ်၏ ပုံသဏ္ဌာန်၊ ဒီဇိုင်းများ တူညီမှုမရှိကြပေ။ သို့သော် ကုန်အမှတ်တံဆိပ်နှစ်ခုလုံးတွင် ရွှေလွန်းအိမ် ပိုးထည်တိုက်ဟု ရေးသားချက် ပါရှိကြသည်။ ထိုအက္ခရာ စာသားများကိုလည်း စတင်သုံးသူမှာ တရားလိုများဟု အဆိုပြုထားသော်လည်း အမှတ် (၂) တရားလို ဒေါ်မေ်စု ထွက်ချက်တွင် အမရပူရရွှေလွန်းအိမ်မှာ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကပင် ကျွန်မတို့ ရွှေလွန်းအိမ် ထက်စော၍ လုပ်ကိုင်ခဲ့သည်ကို သိပါသလားဆိုလျှင် သိပါသည်ဟု ထွက်ဆိုခဲ့သည်။ တရားလိုများ သည် ရွှေလွန်းအိမ်ဟူသော ကုန်အမှတ်တံဆိပ်ကို ၁၉၉၇ ခုနှစ်တွင်အသုံးပြုခဲ့ကြောင်း၊ အလုပ်သမား ဝန်ကြီးဌာန အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စိစစ်ရေးဦးစီးဌာန စစ်ကိုင်းမြို့၏ ၂၁-၁-၁၉၉၇ ရက်စွဲပါ အကြောင်းကြားစာအား သက်သေခံ (က) အဖြစ် တင်ပြခဲ့သည်။ သို့ပါ၍ အဆိုပါ လုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ရှိရမည် ဖြစ်သည်။ သို့သော် ၁၉၉၇ ခုနှစ် လုပ်ငန်း

---

၂။ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၂၆

လိုင်စင်ကို ရုံးတော်သို့ တင်ပြထားခြင်းမရှိပေ။ ၁၉၉၈ ခုနှစ်မှစ၍ လုပ်ငန်းလိုင်စင်များကို သက်သေခံ (ခ) မှ (ခ-၇) ထိ တင်ပြခဲ့သည်။ ၁၉၉၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ထိ လုပ်ငန်းလိုင်စင်ကို သက်သေခံ (ခ) မှ (ခ-၄) ထိလည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ လုပ်ငန်းလိုင်စင်ကို သက်သေခံ (ခ-၅) မှ (ခ-၇) ထိလည်းကောင်း တင်ပြခဲ့သည်။ ၁၉၉၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ထိ လုပ်ငန်းလိုင်စင်တွင် စက်ယက္ကန်းလုပ်ငန်းဟု ပါရှိပြီး ၂၀၁၁ ခုနှစ် လုပ်ငန်းလိုင်စင် ဖြစ်သည့် သက်သေခံ (ခ-၅) မှစ၍ ပိုးထည်ရောင်း (ရွှေလွန်းအိမ်) လုပ်ငန်းဟု ပါရှိသည်။ သက်သေခံ (ခ-၅) လုပ်ငန်း လိုင်စင်သည် ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ၆-၁၀-၂၀၁၁ ရက်နေ့တွင် ထုတ်ပေးသည့် လိုင်စင် ဖြစ်သည်။ တရားလိုသည် ၇-၄-၂၀၁၁ ရက်နေ့တွင် အဆိုပါ ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ခဲ့၍ အဆိုပါလုပ်ငန်းလိုင်စင်တွင် ရွှေလွန်းအိမ်ဟု ပါရှိလာခြင်း ဖြစ်ပေသည်။ ထိုလုပ်ငန်း လိုင်စင်အရ ၂၀၁၁ ခုနှစ်မှစ၍ ရွှေလွန်းအိမ်ပိုးထည်တိုက်၊ ကုန်အမှတ်တံဆိပ်ကို အသုံးပြုကြောင်း ထင်ရှားနေသဖြင့် တရားလိုများသည် တရားပြိုင်များထက်စော၍ အဆိုပါ ကုန်အမှတ် တံဆိပ်ကို သုံးစွဲခဲ့သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

သို့ပါ၍ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က တရားလိုများဘက်က အချင်းဖြစ် ကုန်အမှတ်တံဆိပ်ကို ရှေးဦးစွာ သုံးခဲ့ကြောင်း တိကျခိုင်မာသည့် သက်သေခံချက် မရှိပါဘဲလျက် ထာဝရတားဝရမ်းထုတ်ဆင့်ခြင်းသည် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၅၄ နှင့် ညီညွတ်မှု ရှိသည်ဟု ဆို၍ မရနိုင်ကြောင်း သုံးသပ်ပြီး မူလရုံးတရားလိုစွဲဆိုသည့် အမှုကို ပလပ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှု မရှိဟု ဆိုနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် ဤတရားမအယူခံမှုအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀/- သတ်မှတ်သည်။

(အောင်ဇော်သိန်း)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး